**Myanmar (Burma)**

# MURROSIKÄISEN KASVATUSONGELMAT

## ဆယ်ကျော်သက်အရွယ်ကိုပြုစုပျိုးထောင်ရာတွင်ရင်ဆိုင်ရသည့်ပြသနာများ။

လေးစားအပ်ပါသော စီး(ရ်)ကုရှင့်

ကျွန်မသားနှင့်ပတ်သက်သည့် ပြဿနာများအတွက် သင့်ထံမှ အကူအညီတောင်းလိုပါသည်။ ၄င်းသည်ကျောင်းတက်နေသူ ဖြစ်ပြီး၊ တနှစ်အတွင်း အမှတ်မထင်ယခင်ကနှင့်မတူအောင် လျှင်မြန်စွာပြောင်းလဲသွားသည်။ ယွင်ကအင်မတန်မှလိမ္မာခဲ့သောသားသည်ယခုအခါ မိဘများအနေနှင့် ဘာပြောပြော(သို့)ဘာလုပ်လုပ် အရာအားလုံးမှန်သမျှနီးပါး တန်ဖိုးမရှိသကဲ့သို့ဖြစ်ပြီး၊ ၄င်းပါးစပ်မှထွက်သောစကားလုံးများသည်စူးရှုန်ဖြင့်ကျွန်မ၏နှလုံးသားကို ထိုးသကဲ့သို့ တခါတရံခံစားရသည်။ ၄င်း၏ဆက်ဆံပုံမှာကျွန်မအတွက်အလွန်အသဲယားစရာကောင်းပါသည်။ ၄င်းအနေနှင့်ညစ်ပတ်ပေရေစွာ နေ ထိုင်ပြီး၊ ဤကိစ္စနှင့် ပတ်သက်၍ သတိပေးပါက စိတ်ဆိုးတတ်သည်။ သား၏အခန်းမှာ အမှိုက်ပုံကဲ့သို့ဖြစ်သည်။ အင်မတန်ခဲယဉ်းစွာပြောပါမှ၄င်း၏အခန်းကိုအနည်းငယ်ရှင်းသည်။ ၄င်းအနေနှင့်ဖင်လန်နိုင်ငံသားအပေါင်းအသင်းများနှင့်နေရသည်ကိုနှစ်သက်ပြီး၊ဤအ ပေါင်းအသင်းများထံမှ အတုယူသည်ဟုကျွန်မအနေနှင့် သံသယဖြစ်မိသည်။၄င်းတို့တတွေအနေနှင့်အတူတကွပေါင်းသင်းနေထိုင်ရခြင်းကိုတရားလွန် ပျော်ရွှင်နှစ် သက် သည်ဟု ထင်ရပြီး၊ တခါတရံ ကျောင်းစာများကို စိတ်ဝင်စားမှု အလွန်နည်းသည်ဟု ထင်ရသည်။ သားအနေနှင့်အင်တာနက်ကိုလည်း အလွန်စိတ် ဝင် စားပြီး၊ညအခါအင်တာနက်ထဲမှသီးချင်းများကိုနားထောင်ပြီး၊ တယောက်နှင့်တယောက် ဆွေးနွေးသည့် အင်တာနက်ထဲရှိ နေရာများသို့ လည်း သွား ရောက်သည်။ ဤကိစ္စတွင် မည်ကဲ့သို့နယ်နိမိတ်သတ်မှတ်နိုင်ပါသနည်း။ ခင်ပွန်းသည်အနေနှင့် သား၏ဝတ်ပုံစားပုံနှင့် ပျင်းတွဲမှုအတွက်တခါတရံဂျီကျတတ်သည်။ဖင်လန်နိုင်ငံသည်သားကိုဖျက်ဆီးခြင်းကြောင့်၊သားအနေနှင့်ဘယ်သောအခါမှမိဘများကို ရိုသေတတ်လာမည်မဟုတ်ပေဟု၄င်းအနေနှင့်မြင်သည်။မိဘများကိုရိုသေရန်နှင့်၊မည်သည့်ကိစ္စတွင်မဆိုနာခံတတ်ရန်၊မနာခံပါကဒဏ်ရမည်ဖြစ်ကြောင်း အငယ်ဆုံးကလေးအထိတင်းကြပ်စွာကြပ်မတ်ထားသည်။ဖင်လန်နိုင်ငံတွင်ဥပဒေအရ၊သားအားဒဏ်ကိုအသုံးပြုပြီးလမ်းညွှန်မှုမပြုလုပ်နိုင်ပေ။ တဖက်မှလည်း ကျွန်မအနေနှင့်သားအားရိုက်နှက်ခြင်းကို မလိုလား ပါ။ သားအနေနှင့် မည်သို့ပင်ဖြစ်စေ တခါတရံအလွန်ချစ်စရာကောင်းသည်။ သို့သော် ဤသားကို လမ်းမှန်သို့အနည်းငယ်ရောက်ရှိလာရန်မည်ကဲ့သို့ပြုလုပ်ရပါမည်နည်း။ ၄င်းထက်ငယ်သောမောင်နှမများ အတွက်မကောင်းသော ပုံသက်သေကို ဆောင်နေသည် ကို လည်း စိုးရိမ်မိပါသည်။

နာမည်အမှတ်အသား။ လူရွယ်၏မိခင်။

လေးစားအပ်ပါသော လူရွယ်၏မိခင်ရှင့်။

ကြည့်ရသည်မှာ သင်၏သားအနေနှင့် ဆယ်ကျော်သက်အရွယ်သို့ ရောက်လာပုံရသည်။ သင်ပုံဖော်ပြထားသည့် ကိစ္စများအားလုံး သည် ဆယ်ကျော်သက်အရွယ်သို့ဝင်သည့်အခါဖြစ်လေ့ဖြစ်ထရှိသည့်ပြောင်းလဲမှုများနှင့်လုံးဝကိုက်ညီလျက်ရှိသည်။ကိုယ်ကာယဖွံ့ဖြိုးမှုနှင့်အရွယ်ရောက်လာမှုအပြင်၊ ကလေးအနေနှင့် စိတ်ပိုင်းဆိုင်ရာအဆင့်အနေဖြင့် တဖြေး ဖြေး မိဘများကို အမှီအခိုကင်းမဲ့လာမှုနှင့် လွတ်ကင်းမှုကို စတင် ပြု လုပ်လာကြသည်။ ၄င်းအနေနှင့် မိဘများကို အမှားမပြုလုပ်သည့် အာဏာရှိသူများအနေဖြင့် လက်ခံမှုနှင့် ကြည်ညိုမှုမရှိတော့သည်ကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။ ၄င်းအနေနှင့် မိဘများ၏အမြင်များနှင့် လုပ်ကိုင်ပုံတို့ကို စတင်၍ ဝေဖန်မှုကိုပြုလုပ်လာသည်။ အများအားဖြင့် လူငယ်များအနေ နှင့် မိဘများတန်ဘိုးထားသည့်အရာများကို လုံးဝဆန့်ကျင်သည့် တွေးခေါ်ကျင့်ကြံမှုတို့ကို လက်ခံကျင့်သုံးကြသည်။ လူငယ် အနေနှင့် မိမိ၏အတွေးအခေါ်ကို လုံးဝမှန်ကန်သည်ဟုလည်းယူဆတတ်သည်။လူငယ်၏ခနဲ့သောအမြင်များသည်မိဘများအတွက်အလွန်အခက်အခဲ ဖြစ်စေနိုင်ပြီး၊ ဤအခြေ အနေမျိုးတွင်သီးခံမှုမည်မျှရှိကြောင်းစမ်းသပ်နေသကဲ့သို့ဖြစ်သည်။ အမြင်ခြင်းမတူမှုမျိုးရှိလင့်ကစား အိမ်တွင် အလွန်ရိုင်းပြ စော်ကားသော အသုံးအနှုံးများကို လက်မခံရန်အတွက်သပ်မှတ်ချက်ထားရမည်ဖြစ်သည်။ လူငယ်၏စိတ်ဓာတ်ကို နှိမ့်ချခြင်းသည်လည်း ကောင်းသောအရာမျိုးမဟုတ်ပေ။ ဤသို့ဖြစ်ပါက ယွင်ကထက်ဆိုးဝါးသောအငြင်းပွါးမှုမျိုးသို့ ဆိုက်ရောက်စေနိုင်သည်။

သင့်သားအနေနှင့် သူနှစ်သက်သော သူငယ်ချင်း အပေါင်း အသင်းများရှိသည်မှာ ကောင်းသောလက္ခဏာဖြစ်သည်ဟု ကျွန်မအနေနှင့် ထင်ပါသည်။ မည်သို့ပင်ဆိုစေ လူငယ်၏လှုပ်ရှားမှု နှင့် သွားလာမှုများကို စောင့်ကြည့်ပြီး၊ အိမ်သို့ပြန်လာရမည့်အချိန် သပ်မှတ်မှုမျိုးကိုထားပြီး အခြား ကိစ္စများတွင်လည်းအချိန်ကန့်သတ်မှုများရှိရမည်။ အင်တာနက်နှင့်ပတ်သက်၍လည်း ကျောင်းရှိသည့် ညနေများတွင်၊ ဥပမာအားဖြင့် ည ၁၀နာရီ နောက် ပိုင်းတွင်သွားရောက်ကြည့်ရှုခြင်းမျိုးကိုမရှိရန်သပ်မှတ်သင့်သည်။ ၄င်းအချိန်တွင် ကျောင်းသားတယောက်အနေနှင့် အိပ်ယာဝင်ရန် အဆင်သင့်ပြု ရန် သင့်ပြီဖြစ်သည်။ စနေ၊ တနင်္ဂနွေနေ့များသည် ကျောင်းနေ့များနှင့်မတူပေ။ သို့သော် ဥပမာအား ဖြင့် အခြားမိသားစုအိပ်ရေးပျက်ရန် ပြုလုပ်သည်ကို ကလေးအား မည်သည့်နည်းနှင့်မျှ ခွင့်မပြုသင့်ပေ။ အထက်တွင် ဖော်ပြခဲ့ သည့်အတိုင်း သပ်မှတ်ချက်ရှိသင့်ပြီး၊ ဤနည်းအားဖြင့် ကလေးအား အခြားသူများကို ရိုသေတတ်ရန် သင်ပေးရာလည်း ရောက် သည်။

လူငယ်အနေနှင့် အမိန့်အမျိုးမျိုးနှင့် သပ်မှတ်ချက်အမျိုးမျိုးတို့ကို ပုန်ကန်သော်လည်း တနည်းအားဖြင့် အရေးကြီးသောကိစ္စများ တွင် အလွန်အမင်း အလျှော့မပေးရာလည်း ရောက်သည်။ လူငယ်အနေနှင့် မိမိသည်အရွယ်ရောက်သူဖြစ်ကြောင်း အလေးဂရုပြုမိ စေရန် ဂရုသံဖြင့်ရွတ်ဆိုပြီး၊ ၄င်းအနေနှင့် အရာရာကိုဆောင်ရွက်နိုင်ပြီး၊ မိမိနှင့်ပတ်သက်သည့်ကိစ္စများကို ကိုယ်တိုင်ဆုံးဖြတ် လိုသော်လည်း၊ ၄င်းအနေနှင့် ၄င်းကိုယ်ကို၄င်း တာဝန်ယူရန်အတွက်မရင့်ကျက်သေးပေ။ မိမိဖါသာ လုပ်ဆောင်ရသည့် အခြေအနေ မျိုးသို့ လွန်ကဲစွာများပြားလာသောအခါ (သို့) မရင့်ကျက် သေးသည့်ကိစ္စများကို တာဝန်ယူဆောင်ရွက်ရသောအခါ လူငယ်အနေ နှင့် လုံခြုံမှုမရှိသကဲ့သို့ ခံစားရပြီး၊ ထိုအခါမျိုးတွင် မှားယွင်းသောကိစ္စများ အတွက်နှစ်သိမ့်မှုနှင့် အထောက်အကူကိုတောင်းခံရသည့်အဖြစ်မျိုးသို့ရောက်ရသည်။

တခါတရံချစ်စရာကောင်းပြီး၊တခါတရံ ကြောက်စရာကောင်းသည်ဆိုသည်မှာလည်း ဆယ်ကျော်သက်တို့၏ ဖြစ်လေ့ဖြစ်ထ ရှိသောအရာများဖြစ်သည်။ မိဘများအနေနှင့် သင်တို့၏ လူငယ်ဘဝအချိန်ကနှင့် ကွာခြားသည့် ယ္ခုသင်တို့၏သား ဖင်လန် နိုင်ငံလူငယ်ဘဝကို ကြည့်ရှု့နေရသည်မှာ ခက်ခဲ နိုင်ဖွယ်ရှိသည်။ ၄င်းအနေနှင့်ဝင်ငွေရရှိရန်အတွက်အလုပ်လုပ်ရန်မလိုအပ်ပဲ၊အေးငြိမ်းစွာကြီးထွားလာခွင့်ရသည်ကိုကျေးဇူးပြု၍ကျေနပ်ကြပါ။ သင်တို့ သည် ခြောက်သွေ့သောမြေတွင် ပေါက်ခဲ့ကြသော ပန်းများဖြစ်ခဲ့ကြသည်။ ၄င်းအနေနှင့် အရည်ရွှမ်းသည့်မြေတွင် လွတ်လပ်စွာပေါက်ခွင့်ရရှိသည်။ ဤအခြေအနေတွင် ၄င်းအနေနှင့်သင်တို့တွေ့ကြုံခဲ့ရသည့်၄င်းနှင့်ကွဲပြားခြားနားသည့်အခြေအနေမျိုးကိုနားမလည်နိုင်ပေ။ သင်တို့ပြောကြသည့် သင်တို့၏ကလေးဘဝနှင့် လူငယ်ဘဝအကြောင်းများသည် ၄င်းအတွက် စိတ်အနှောက်အယှက်တခုအဖြစ် ခံယူနိုင်သည်။ မိဘ များအနေနှင့် သီးခံမှုနှင့် ကန့်သတ်ချက်များသတ်မှတ်နိုင်ရန်ခွန်အားရှိကြပြီး၊သင်တို့၏ကလေးအပေါ် မေတ္တာထားနိုင်ဖို့ရန် မျှော်လင့်ပါသည်။ လူငယ်၏ စိတ်ဓာတ်တက်ကြွမှု (အမြှုပ်ထမှု)သည် ယောကျ်ားလေးများအတွက် သာမန်အားဖြင့် အသက် ၁၈နှစ်ခန့်တွင် ပြီးဆုံးကြသည်။

စီး(ရ်)ကူ၊ စွဲ(က်)ကာနယ်(န်)
စိတ်ပိုင်းဆိုင်ရာပညာရှင်